Message Five

# အသင်းတော်သည် သမ္မာတရား၏တိုင်နှင့် အခြေဖြစ်၍၊ အသွေးအသား၌ ဘုရားသခင်၏ စုပေါင်းထားသော ထင်ရှားဖော်ပြခြင်းဖြစ်ကြောင်း သမ္မာတရားကို ကိုင်စွဲထားခြင်းနှင့် သမ္မာတရားကို သက်သေခံခြင်း

ဖတ်ရန်ကျမ်း။ ။ ၁တိ၊၃း၁၅-၁၆။ ၂း၄။ ၂တိ၊၂း၁၅။ ယော၊၁၈း၃၇

## I. အသင်းတော်သည် သမ္မာတရား၏ ထောက်မ ပေးသောတိုင်နှင့် ကိုင်စွဲထားသော အခြေဖြစ်သည် - ၁တိ၊၃း၁၅။

A. သခင်ဘုရားသည် ကိုယ်တော်၏အသင်းတော်အား ကိုယ်တော်ကို သမ္မာတရားအဖြစ် သိရှိစေလိုပြီး၊ ယင်းမှာ ကိုယ်တော်နှင့်စပ်လျဉ်း၍ သမ္မာတရားအဖြစ် သက်သေခံစေရန်ဖြစ်သည် - ယော၊၁၄း၆။ ၁၈း၃၇။ ၁ယော၊၁း၆။ ၅း၂၀။

B. ၁တိမောသေ ၃း၁၅ ရှိ *သမ္မာတရား* သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့် စစ်မှန်သောအရာများကို ရည်ညွှန်းပြီး၊ ယင်းမှာ အဓိကအားဖြင့် ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်ဖြစ်သည် - ၂း၄။ ကော၊၂း၉၊ ၁၉။

C. သမ္မာတရားသည် သုံးပါးတစ်ပါးဘုရားဖြစ်၍၊ ခရစ်တော်ကို ကိုယ်ထင်ရှားခြင်း၊ အလယ်ဗဟိုနှင့် ထင်ရှားခြင်းအဖြစ် ထားရှိကာ ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏နိုင်ငံတော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို ထုတ်လုပ်ပေးသည် - အဃ၊၉။ ဧ၊၁း၂၂-၂၃။ ၄း၁၆။ ၁တိ၊၃း၁၅။ ယော၊၃း၃၊ ၅။

D. အသင်းတော်သည် ခရစ်တော်ကို စစ်မှန်ခြင်းအဖြစ် သယ်ဆောင်နေသည်။ အသင်းတော်သည် စကြဝဠာတစ်ခုလုံးသို့ ခရစ်တော်နှင့် ခရစ်တော်တစ်ပါးတည်းသာ စစ်မှန်ခြင်းဖြစ်ကြောင်း သက်သေခံနေသည် - ၁း၁၄၊ ၁၇။ ၁၄း၆။

E. သမ္မာတရားကို ထမ်းဆောင်သည့် တိုင်နှင့် တိုင်ကို ကိုင်စွဲထားသော အခြေအဖြစ် အသင်းတော်သည် ဘုရားသခင်၏ နက်နဲခြင်းဖြစ်သော ခရစ်တော်နှင့် ခရစ်တော်၏နက်နဲခြင်းဖြစ်သော အသင်းတော်၏ စစ်မှန်ခြင်း၊ သမ္မာတရားကို သက်သေခံနေသည် - ကော၊၂း၂။ ဧ၊၃း၄။

F. ကျွန်ုပ်တို့တည်ဆောက်သည့် အသင်းတော်အမျိုးအစားမှာ ကျွန်ုပ်တို့သွန်သင်သည့် သမ္မာတရားအမျိုးအစားပေါ်တွင် မူတည်သည်။ ထို့ကြောင့် အသင်းတော်ကို ထုတ်လုပ်ရန်၊ အသင်းတော်ကို ဖြစ်တည်ခြင်း၌ ကူညီမစရန်၊ အသင်းတော် ကို တည်ဆောက်ရန် ရှင်သန်သော သမ္မာတရားကို အရေးတကြီးလိုအပ်နေသည် - ၁တိ၊၃း၁၅။

G. ကျွန်ုပ်တို့ဖြည့်ဆည်းခြင်းပြုရမည့် အကြီးမားဆုံးသော လိုအပ်ချက်မှာ သန့်ရှင်းသူများကို သမ္မာတရားအထဲသို့ ခေါ်ဆောင်ရန်ဖြစ်သည်။ သန့်ရှင်းသူများအားလုံးသည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ သွန်သင်ခြင်း ခံရသင့်သည် - ၂း၄။

## II. သန့်ရှင်းသူများအားလုံးသည် သမ္မာတရားကို ကိုင်စွဲထားရန် လိုအပ်သည် - ၃း၉၊ ၁၅။ ၂တိ၊၂း၁၅။

A. ထောက်မပေးသော တိုင်နှင့် သမ္မာတရားကို ကိုင်စွဲထားသည့် အခြေသည် သန့်ရှင်းသူများအားလုံးအပါအဝင် အသင်းတော်တစ်ခုလုံးဖြစ်သည်။ အသင်းတော်၏ အင်္ဂါဝင်တိုင်းသည် တိုင်နှင့် သမ္မာတရားကို ကိုင်စွဲထားသည့်အခြေ၏ အစိတ်အပိုင်းဖြစ်သည် - ၁တိ၊၃း၁၅။

B. အသင်းတော်သည် သမ္မာတရား၏တိုင်နှင့် အခြေဖြစ်ခြင်းမှာ အသင်းတော်၏ အင်္ဂါဝင်တိုင်းသည် သမ္မာတရားကို သိရမည်ဖြစ်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာတရားကို သင်ယူရန် ဆုံးဖြတ်ချက်ချရမည်ဖြစ်သည် - ၂း၄။

1. ယုံကြည်သူတိုင်းပါဝင်သည့် အသင်းတော်သည် သမ္မာတရားကို ကိုင်စွဲထားရမည်ဖြစ်သည် - ၃း၉။
2. အသင်းတော်သည် သန်စွမ်းခြင်းရှိရန်အလို့ငှာ ညီအစ်ကိုနှင့် ညီအစ်မတိုင်းသည် သမ္မာတရားကို သင်ယူခြင်း၊ သမ္မာတရားကို တွေ့ကြုံခံစားခြင်း၊ သမ္မာတရားကို ပြောထွက်ရန် တတ်စွမ်းခြင်းတို့အားဖြင့် သမ္မာတရားကို ကိုင်စွဲထားရမည်ဖြစ်သည် - ၂း၄။

3. ကျွန်ုပ်တို့သည် နေ့စဉ် အသင်းတော်အသက်တာ၌ သမ္မာတရားကို လက်တွေ့လုပ်ဆောင်မည်ဆိုလျှင် သမ္မာတရား ကို ကိုင်စွဲခြင်း၌ တာဝန်အချို့ကို ထမ်းဆောင်ရန် တတ်စွမ်းနိုင်ကြလိမ့်မည်ဖြစ်သည် - ၂ယော၊၄။ ၃ယော၊၃-၄၊ ၈။

**III. အသင်းတော်သည် အသွေးအသား၌ ဘုရားသခင် စုပေါင်းထင်ရှားပေါ်ထွန်းခြင်းဖြစ်သည် ဟူသော သမ္မာတရားကို ကျွန်ုပ်တို့ကိုင်စွဲ၍ သမ္မာတရားကို သက်သေခံရန် လိုအပ်သည် - ၁တိ၊၃း၁၅-၁၆။**

A. ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်းမှာ ရှေ့ဦးစွာ ခရစ်တော်၌ အသွေးအသားတွင် တစ်ဦးတည်းထင်ရှားခြင်းအဖြစ် ထင်ရှားခဲ့သည် - အငယ်၊၁၆။ ကော၊၂း၉။ ယော၊၁း၁၊ ၁၄။

1. ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏ သားတော်သည် လူ့ဇာတိခံခဲ့သည်ဟု မပြောထားပါ။ ၎င်းက ဘုရားသခင်သည် အသွေးအသား၌ ပေါ်ထွန်းခဲ့သည်ဟု ဖွင့်ပြထားသည် - ၁တိ၊၃း၁၅-၁၆။

   a. ဘုရားသခင်သည် အသွေးအသား၌ ပေါ်ထွန်းခြင်းမှာ သားတော်အဖြစ်မျှသာမက၊ ဘုရားဖြစ်ခြင်းတစ်ခုလုံး - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ် - အဖြစ် ပေါ်ထွန်းခြင်းဖြစ်သည်။

   b. သားတော်ဘုရားမျှသာမဟုတ်ဘဲ ဘုရားဖြစ်ခြင်းတစ်ခုလုံးသည် လူ့ဇာတိခံခဲ့သည်။ ထို့ကြောင့် ခရစ်တော်၏ လူ့ဇာတိခံခြင်းမှာ ဘုရားဖြစ်ခြင်းတစ်ခုလုံးသည် အသွေးအသား၌ ပေါ်ထွန်းလာခြင်းဖြစ်သည်။

      (1) ကိုယ်တော်၏အမှုတော်၌ လူ့ဇာတိခံခြင်းအဆင့်တွင် ခရစ်တော်သည် အကန့်အသတ်မဲ့သော ဘုရားသခင်ကို အကန့်အသတ်ရှိသော လူအထဲသို့ ခေါ်ဆောင်လာသည်။ ခရစ်တော်၌ အကန့်အသတ်မဲ့သော ဘုရားသခင်နှင့် အကန့်အသတ်ရှိသောလူသည် တစ်လုံးတစ်ဝတည်းဖြစ်လာသည် - ယော၊၈း၅၈။ ၇း၆။ ၁၂း၂၄။

      (2) လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း - ဘုရားသခင်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၌ တစ်လုံးတစ်ဝတည်းအဖြစ် အပြန်အလှန် တည်နေခြင်းနှင့် အတူတကွလုပ်ဆောင် ခြင်း - သည် လူသားဇာတိအထဲသို့ ဆောင်ယူခံရသည်။ ထို့ကြောင့် ခရစ်တော်သည် သုံးပါးတစ်ပါးဘုရားနှင့် သုံးပိုင်းရှိသောလူ၏ ပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - ၁၄း၁၀-၁၁။

2. ခရစ်တော်၌ ဘုရားသခင့်ဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံး ကိုယ်ထင်ရှားကိန်းဝပ်နေသည် - ကော၊ ၂း၉။

   a. *ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံး* မှာ ဘုရားဇာတိအဖြစ်တော်တစ်ခုလုံး၊ ပြည့်စုံသော ဘုရားသခင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

   b. ဘုရားဇာတိအဖြစ်တော်၌ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့ပါဝင်သောကြောင့်၊ ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းမှာ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်၏ပြည့်ဝပြည့်စုံခြင်းဖြစ်ရမည်ဖြစ်သည်။

   c. ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံးသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်ခြင်းမှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၌ ကိုယ်ထင်ရှားနေကြောင်း ဆိုလိုသည် - ယော၊၁၄း၁၀။

   d. ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းကို ကိုယ်ထင်ရှားခြင်းအဖြစ် ခရစ်တော်သည် ဘုရားသခင်၏ သားတော်မျှသာမဟုတ်ဘဲ၊ ဘုရားဖြစ်ခြင်းတစ်ခုလုံးဖြစ်သည်။

B. တိမောသေ‌ပထမစာစောင် ၃း၁၅-၁၆ တွင် ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်ကိုယ်တော်တိုင်သာ အသွေးအသား၌ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်းဖြစ်ရုံသာမက၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်နှင့် ဘုရားသခင်၏အိမ်တော်ဖြစ် သည့် အသင်းတော်သည်လည်း အသွေးအသား၌ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်း - ဘုရားဝတ်မွေ့လျော်ခြင်း၏ နက်နဲခြင်း - ဖြစ်ကြောင်း ညွှန်ပြထားသည်။

1. အငယ် ၁၆ ရှိ *ဘုရားဝတ်မွေ့လျော်ခြင်း* မှာ ဘုရားဝတ်မွေ့လျော်မှုကို ရည်ညွှန်းရုံသာမက၊ အသင်းတော်၌ ဘုရားသခင်၏အသက်ရှင်ခြင်း၊ တစ်နည်းအားဖြင့် ဘုရားသခင်သည် အသက်အဖြစ် အသင်းတော်၌ ရှင်ထွက်ကာ ထင်ရှားလာခြင်းကို ရည်ညွှန်းသည်။

   a. ခရစ်တော်နှင့် အသင်းတော် နှစ်ခုလုံးသည် ဘုရားဝတ်မွေ့လျော်ခြင်း၏ နက်နဲရာ၊ အသွေးအသား၌ ဘုရားသခင်ထင်ရှားခြင်း ဖြစ်သည်။

b. အသင်းတော်အသက်တာသည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားဝတ်မွေ့လျော်ခြင်း၏ နက်နဲခြင်းမှာ မှန်ကန်သင့်လျော်သည့် အသင်းတော်ကို အသက်ရှင်ခြင်းတည်း - ၁ကော၊၁း၆။ ၁၄း၂၄-၂၅။

2. ဘုရားသခင်သည် အသင်းတော် - ဘုရားသခင်၏အိမ်တော်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော် - ၌ အသွေးအသား တွင် ကြီးမားကျယ်ပြန့်သော စုပေါင်းထင်ရှားခြင်းအဖြစ် ထင်ရှားပေါ်ထွန်းခဲ့သည် - ဧ၊၂း၁၉။ ၁း၂၂-၂၃။
   a. အသွေးအသား၌ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်းမှာ ခရစ်တော် မြေကြီးပေါ် ရှိစဉ်က ကိုယ်တော်နှင့် အတူ အစပြုခဲ့ခြင်းဖြစ်သည် - ယော၊၁၄း၉။
   b. အသွေးအသား၌ ဘုရားသခင် ထင်ရှားပေါ်ထွန်းခြင်းမှာ အသွေးအသား၌ ဘုရားသခင်၏ တိုးပွားသော၊ ကြီးမားကျယ်ပြန့်သော၊ ဆပွားခြင်းဖြစ်သော ထင်ရှားခြင်းဖြစ်သည့် အသင်းတော်နှင့်အတူ ဆက်လက်သွားနေ သည် - ၁တိ၊၃း၁၅-၁၆။
   c. ထိုသို့သော အသင်းတော်သည် ခရစ်တော်က အသွေးအသား၌ ဘုရားသခင်ကို ထင်ရှားခြင်း၏ ဆက်လက် ဖြစ်ပွားခြင်းဖြစ်သည် - ခရစ်တော်သည် ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်းအဖြစ် အသင်းတော်ကို ရှင်ထွက်ခဲ့သည်။

3. ဘုရားဝတ်မွေ့လျော်ခြင်း၏ ကြီးစွာသော နက်နဲခြင်းမှာ ဘုရားသခင်သည် လူဖြစ်လာ၍၊ လူသည် ကိုးကွယ်ခံဦး ခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာကာ၊ အသွေးအသား၌ ဘုရားသခင်ထင်ရှား ပေါ်ထွန်းခြင်းအတွက် စုပေါင်းထားသော ဘုရား-လူကို ထုတ်လုပ်ရန်ဖြစ်ခြင်း ဖြစ်သည် - ရော၊၈း၃။ ၁း၃-၄။ ၈၊ ၄း၂၄။

© 2021 Living Stream Ministry